AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# သယ်ယူပို့ဆောင်ရေး

## အများပြည်သူ သယ်ယူပို့ဆောင်ရေး

မြို့ကြီးများအတွင်း သွားလာရေးအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သည် အသက်သာဆုံးနည်းဖြစ်ပါသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သည် လူမှုအသိုင်းအဝိုင်း တစ်ခုနှင့်တစ်ခုအကြား ကွာခြားပါသည်။ မြို့ကြီးများ၌ အောက်ပါတို့ရှိနိုင်ပါသည်။

- ဓာတ်ရထားများ
- ဘတ်စ်ကားများ
- ကူးတို့များ
- မီးရထားများ ဖြစ်ကြပါသည်

အများပြည်သူ သယ်ယူပို့ဆောင်မှုစနစ်အရ ခရီးသွားလျှင် သင့်ထံ၌ **လက်မှတ်**မရှိမဖြစ် ဖြစ်ပါသည်။ တစ်ခါတစ်ရံ၌ ခရီးသွားလက်မှတ်များကို သင်ဝယ်ရပြီး အချို့မြို့ကြီးများ၌ **ခရီးသွားကတ်ပြား**များရှိပါသည်။ ခရီးသွားကတ်ပြားများ၌ ငွေကြိုတင်ဖြည့်နိုင်ပြီး သင် သယ်ယူပို့ဆောင်မှုယာဉ်အပေါ် အတက်၊ အဆင်း၌ သင့်ကတ်ပြားကို လွှဲတို့နိုင်ပါသည်။

### လက်မှတ်အမျိုးအစားများ

**တစ်ခါစီး။** တစ်ကြောင်းသွား လက်မှတ်များတွင် အချို့သော အချိန်ကာလ ကန့်သတ်ချက်များအတွင်း ယာဉ်ပြောင်းစီးခြင်း ပါဝင်ပါသည်။

**အသွားအပြန်။** အသွားအပြန်လက်မှတ်ဖြင့် သင့်ခရီးလမ်းဆုံးအထိ ခရီးသွားပြီး၊ နောက်မှ အိမ်ပြန်ခွင့်ရှိပါသည်။

**နေ့စဉ်။** သတ်မှတ်ထားသည့် ဒေသအပိုင်းအခြားများအတွင်း နှင့် လက်မှတ်ထုတ်ပေးသည့်နေ့အတွင်း၊ နောက်ဆုံးပြေးဆွဲမည့် ယာဉ်များ၌ အကြိမ်ပေါင်း အကန့်အသတ်မရှိ ခရီးသွားနိုင်ပါသည်။

**နေ့စဉ် ယာဉ်နှင့် လူများ မရှုပ်ထွေးချိန်။** ပြည်နယ်များ နှင့် ဒေသများ အများစုတွင် တနင်္လာနေ့မှ သောကြာနေ့အတွင်း၊ နံနက် 9 နာရီမှ မွန်းလွဲ 3 နာရီအကြား နှင့် ည 7 နာရီ နောက်ပိုင်း၌လည်းကောင်း၊ စနေ၊ တနင်္ဂနွေ နှင့် အစိုးရ ရုံးပိတ်ရက်များတွင် တစ်နေ့လုံးသော်လည်းကောင်း၊ သတ်မှတ်ထားသည့် ဒေသအပိုင်းအခြားများအတွက် ဝယ်ထားသည့်လက်မှတ်ဖြင့် ဈေးလျှော့ပေးနှုန်းဖြင့် အကြိမ်ပေါင်း အကန့်အသတ်မရှိ ခရီးသွားနိုင်ပါသည်။

**အပတ်စဉ်။** သတ်မှတ်ထားသည့် ဒေသအပိုင်းအခြားများအတွင်း၊ ဝယ်ထားသည့်လက်မှတ်ဖြင့် ဝယ်သည့်နေ့မှစတင်ပြီး တစ်ပတ်လုံး (ခုနစ်ရက် ဆက်တိုက်) အကြိမ်ပေါင်း အကန့်အသတ်မရှိ ခရီးသွားနိုင်ပါသည်။

**၃၊ ၆ နှင့် 12 လ ယာဉ်စီးခွင့် လက်မှတ်များ။** အချို့သော သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများအတွက် ရေရှည်ကာလ ယာဉ်စီးခွင့်လက်မှတ်များကို ဝယ်ယူရနိုင်ဖွယ်ရှိပါသည်။ ဈေးနှုန်းကို အများအားဖြင့် ဈေးလျှော့ပေးထားပြီး သင့်အတွက် သယ်ယူပို့ဆောင်ခ သက်သာစေပါသည်။

## ကိုယ်ပိုင် သယ်ယူပို့ဆောင်ရေး

### ကား ပိုင်ဆိုင်ခြင်း နှင့် မောင်းနှင်ခြင်း

အများပြည်သူ သယ်ယူပို့ဆောင်မှုစနစ်အား မရှိသော သို့မဟုတ် ရရန်အဆင်မပြေသော ဒေသများတွင် သင့်ကိုယ်ပိုင်ကားကို အတတ်နိုင်ဆုံးဆောလျင်စွာ သင်ဝယ်လိုကောင်းဝယ်လိုချင်ပါလိမ့်မည်။ ကားပိုင်ဆိုင်လျှင် အဆင်ပြေမှုရှိစေသော်လည်း ကုန်ကျစရိတ်ကြီးမားနိုင်ပါသည်။ ဩစတြေးလျားတွင် ကား ပိုင်ဆိုင်ရာ၌ နှင့် မောင်းနှင်ရာ၌ တာဝန်အမြောက်အမြားရှိပါသည်။

ဩစတြေးလျားတွင် ကားမောင်းရန် သင့်ထံ၌ ဩစတြေးလျား ယာဉ်မောင်းလိုင်စင်ရှိရမည်ဖြစ်ပြီး ယာဉ်ကို ပြည်နယ် သို့မဟုတ် ဒေသ အစိုးရထံ၌ မှတ်ပုံတင်၍ အာမခံ ထားသင့်ပါသည်။








## ယာဉ်မောင်းလိုင်စင် ရယူခြင်း

သင့်ထံ၌ သင့်ဇာတိနိုင်ငံမှ ယာဉ်မောင်းလိုင်စင် ရှိနိုင်သော်ငြားလည်း **သင် ဩစတြေးလျားလိုင်စင်ကို လျှောက်ထားရန် လိုအပ်နေဦးမည်ဖြစ်ပါသည်။** လိုင်စင်ရရန် လမ်းစည်းကမ်း စာမေးပွဲ နှင့် လက်တွေ့ယာဉ်မောင်းစာမေးပွဲ တို့ကို ဖြေဆိုရန်လိုအပ်ပါသည်။ သင်သည် ကားမောင်းလေ့ကျင့်ခြင်း အပိုများကို လုပ်ရန်လည်း လိုအပ်နိုင်ဖွယ်ရှိပါသည်။ နောက်ထပ်အချက်အလက်များအတွက် ပြည်နယ် နှင့် ဒေသ လမ်းပန်းဆိုင်ရာ အာဏာပိုင်များအား သင် ဖုန်းဆက်သင့်ပါသည်။ သင့်အား ကူညီရန် သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူထံ၌ မေးမြန်းပါ။

သင့်ဇာတိနိုင်ငံမှ ယာဉ်မောင်းလိုင်စင်အား အင်္ဂလိပ်ဘာသာစကားသို့ ဘာသာပြန်ရန်လည်း လိုအပ်နိုင်ဖွယ်ရှိပါသည်။ သင်သည် ၎င်းကို www.translating.dss.gov.au ၌ အွန်လိုင်း ပို့ပေးခြင်းအားဖြင့် အခမဲ့ ဘာသာပြန်ခိုင်းနိုင်ပါသည်။

## ဩစတြေးလျား ယာဉ်မောင်းလိုင်စင်ကို ကျွန်ုပ် ဘယ်လိုရယူနိုင်မလဲ

ဩစတြေးလျား ယာဉ်မောင်းလိုင်စင်များကို ပြည်နယ် နှင့် ဒေသအဆင့်ပိုင်းတွင် စီမံအုပ်ချုပ်ပေးပြီး စည်းမျဉ်းဥပဒေများသည် ပြည်နယ်တစ်ခုစီအလိုက် ကွဲပြားပါသည်။

သင်အခြေကျနေပြီဖြစ်ပြီး စတင် ယာဉ်မောင်းသင်ရန် အဆင်သင့်ဖြစ်ပြီဆိုသောအခါတွင် သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူကို ဆက်သွယ်ပါ။ ပုံမှန်အားဖြင့် သင်သည် အမောင်းသင် လိုင်စင် ကိုင်၍ စတင်မောင်းရလိမ့်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ယာယီလိုင်စင် အဖြစ်ပြောင်းလဲကာ၊ နောက်ဆုံးတွင် ဩစတြေးလျား ယာဉ်မောင်းလိုင်စင် အပြည့် ရရှိပါလိမ့်မည်။ လိုင်စင်အတန်းအစားတစ်ခုစီအတွက် စည်းကမ်းချက်များ နှင့် ကန့်သတ်ချက်များ (ဥပမာ အရက်သောက်နိုင်သည့် ပမာဏများ) ရှိပါလိမ့်မည်။

## မော်တော်ယာဉ်အား မှတ်ပုံတင်ခြင်း

သင် လမ်းပေါ်၌ မော်တော်ယာဉ် မောင်းနှင်နိုင်ရန်အတွက် မော်တော်ယာဉ်အား မှတ်ပုံတင်ရမည်ဖြစ်ပြီး၊ ၎င်းကို နှစ်စဉ် အသစ်ပြန်လဲရပါလိမ့်မည်။ မှတ်ပုံတင်မထားသော ကားကို မောင်းနှင်လျှင် တရားဥပဒေမဲ့ပြီး၊ ရဲကား အများစု၌ ကားများ မှတ်ပုံတင်ထားခြင်း ရှိမရှိကို စစ်ဆေးနိုင်သော ကားနံပါတ်ပြား စစ်ဆေးနိုင်သည့် စက်ရှိပါသည်။

## မော်တော်ယာဉ် အာမခံ ထားခြင်း

“မလုပ်မနေရ ကြားလူ အာမခံ” (Compulsory Third Party – CTP) ဆိုသည်မှာ ဩစတြေးလျား၌ မှတ်ပုံတင်ထားသော မော်တော်ယာဉ်တိုင်းအတွက် မထားမနေရ ပုဂ္ဂလ ထိခိုက်ဒဏ်ရာရမှုဆိုင်ရာ အာမခံဖြစ်ပါသည်။ အခြားပုံစံဖြင့် အာမခံများသည် မတော်တဆ ထိခိုက်ဒဏ်ရာရမှုများကြောင့် ဖြစ်ပေါ်ရသည့် ထိခိုက်ပျက်စီးမှုများအတွက် ကူညီ၍ ငွေချေပေးပါသည်။

## ယာဉ်မောင်းခြင်းနှင့် ပတ်သက်ပြီး မှတ်သားထားရန် အရေးကြီးသော အကြောင်းအချက်များ

- ထိုင်ခုံ ခါးပတ်ကို အမြဲတပ်ပါ (၎င်းသည် ကားမောင်းသူ နှင့် လိုက်ပါကြသူများအတွက်လည်း အကျုံးဝင်ပါသည်)။ ၎င်းမှာ ဥပဒေလိုအပ်ချက်အရ လုပ်ရမည်ဖြစ်ပြီး၊ မလုပ်လျှင် ပြစ်ဒဏ်သင့်ပါလိမ့်မည်။
- ကလေးများ အနောက်၌ ရှိသည့် ထိုင်ခုံ တွင်ထိုင်ပြီး ထိုင်ခုံ ခါးပတ်တပ်ကာ သူတို့၏ အရွယ်နှင့် လိုက်ဖက်မှုရှိရာ သင့်လျော်သည့် ကလေးထိုင်ခုံတွင် ထိုင်ရပါမည်။
- မှတ်ပုံမတင်ထားသော ယာဉ်ကို မည်သည့်အခါမျှ လမ်းပေါ်တွင် မမောင်းပါနှင့်။
- **သင့်လျော်ရာ လိုင်စင်မရှိဘဲ မည်သည့်အခါမျှ မမောင်းနှင်ပါနှင့်။**
- သင့် ယာဉ်မောင်းလိုင်စင်ကို သင်နှင့် အတူ အမြဲဆောင်ထားပါ
- သင့်အား ရဲက ရပ်ခိုင်းခဲ့လျှင် သူတို့၏ မေးခွန်းများကို အမြဲပင် ရိုးသားစွာ ဖြေပါ
- လမ်းစည်းကမ်းများ နှင့် လမ်းပေါ်ရှိ အမှတ်အသားများအားလုံးကို လိုက်နာပါ။ အဝိုင်းများတွင် မောင်းနှင်သည့်အခါ၌ အထူးဂရုစိုက်ပါ။
- သင် အရက်သောက်ထားလျှင် သို့မဟုတ် မူးယစ်ဆေးဝါး အသုံးပြုထားလျှင် မည်သည့်အခါမျှ ကား မမောင်းပါနှင့်။ ၎င်းသည် ပြစ်မှုတစ်ခုဖြစ်ပြီး လေးနက်ပြင်းထန်သော ပြစ်ဒဏ်များ ထိုက်သင့်နိုင်ပါသည်။
- ကားမောင်းနေစဉ် လက်ကိုင် မိုဘိုင်းဖုန်းသုံးခြင်းသည် တရားဥပဒေမဲ့ပါသည်။ ၎င်းတွင် ဖုန်းဆက်ခြင်း၊ ဖုန်းဖြေခြင်း၊ စာသားပို့ခြင်း၊ ဂိမ်းကစားနည်းများ ကစားခြင်း၊ ဓာတ်ပုံများ/ဗီဒီယိုများ ရိုက်ခြင်း သို့မဟုတ် အင်တာနက်၌ လျှောက်ကြည့်ခြင်းတို့ ပါဝင်ပါသည်။ သင် ဥပဒေကို ချိုးဖောက်ပါက ပြစ်ဒဏ်များ ထိုက်သင့်နိုင်ပါသည်။



*ပြန်လည်ပြင်ဆင် ထုတ်ဝေချက် (ဧပြီလ ၂၀၁၈ ခုနှစ်)*

Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း
မှ ပို့ချပေးသည်။

IOM • OIM